သူ့အသက် ၃၃ နှစ်သာရှိသေးသည့်အချိန်တွင် ကိုလံဘာသည် ဧဝံဂေလိတရားကို စကော့တလန်သို့ သယ်သွားရန် ဆုံးဖြတ်ခဲ့သည်။ ထိုနေရာတွင် နေထိုင်သောလူအများစုက အယူမှားကိုးကွယ်သူများ ဖြစ်ကြသည်။ သို့သော် ကိုလံဘာသည် ထိုစိန်ခေါ်မှုများကို ကြိုဆိုခဲ့ကြသည်။

သူသည် အပေါင်းအဖော် ၂၀၀ ခန့်နှင့်အတူ စကော့တလန်သို့ ထွက်ခွာရန် သူသည် အိုင်အိုနာ (Iona) အမည်ရှိကျွန်းငယ်လေး (တစ်မိုင်ပတ်လည်ရှိပြီး၊ သုံးမိုင်ခွဲရှည်လျားသော ကျွန်း) တစ်ခု၌ အ ခြေချခဲ့သည်။ သူသည် ကျောင်းတစ်ကျောင်းကို ချက်ချင်းစတင်ခဲ့ပြီး၊ ဧဝံဂေလိတရားကို စတင်ဖြန့်ဝေခဲ့သည်။ ကိုလံဘာ၏နောက်လိုက်များအား ကက်သလစ်ဘုန်းတော်ကြီးများက ကျွန်းမှအတင်းအဓမ္မ ခိုင်းစေသည့် အေဒီ ၆၄၂ မှ အေဒီ ၁၂၀၄ အထိ၊ သူတို့သည် ဤအမှုတော်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

အိုင်အိုနာ၌ရှိသော ကိုလံဘာ၏ကျောင်းသည် ရိုးရိုးရှင်းရှင်းလေး ဖြစ်ပါသည်။ လှပသောအဆောက်အဦးများလည်း မရှိပေ၊ ဥယျာဉ်များ၊ သစ်တောများ၊ ဥယျာဉ်ခြံများနှင့် မြက်ခင်းပြင်များပြားစွာတွင် အလုပ်ကို ကြိုးစားလုပ်ဆောင်ရန် အခွင့်အလမ်းသာ ရှိခဲ့ကြသည်။ သာသနာပြုများကို လေ့ကျင့်သင်တန်းပေးရန်အတွက် ကြိုးစားအားထုတ်မှုနှင့် ကိုယ်ကျိုးစွန့်မှုသည် အမြဲတစေလိုအပ်ခဲ့ပြီး၊ ထို့အပြင် အိုင်အိုနာသည် သာသနာပြုသင်တန်းကျောင်း ဖြစ်လာခဲ့သည်။

မကြာခင်၊စကော့တလန်၌ရှိသောလူအများစုသည် ခရစ်ယာန်များဖြစ်ကြပြီး ထိုအထဲမှ ထောင်နဲ့ချီသော ခရစ်ယာန်သာသနာပြုများသည် လက်ရေးစာစောင်များနှင့် သမ္မာကျမ်းစာ၏အစိတ်အပိုင်းများကို ဥရောပထဲကို လျှို့ဝှက်မှောင်ခိုတင်သွင်းခဲ့ကြသည်။ သူတို့နှင့်အတူ ဂလာတိမြို့ရှိ အသင်းသူအသင်းသားများကို ထိုအချိန်မတိုင်ခင်၊ လွန်ခဲ့သောနှစ်ပေါင်းများစွာက ပေါလုပေးခဲ့သော ရိုးရှင်းသော ဧဝံဂေလိ သတင်းစကားကို သူတို့တွေ့ရသည်။

**လက်တွေ့ကျင့်သုံးရန်။** ဘဝအသက်တာ၌ သင်လုပ်ချင်သော အရာမှာ အဘယ်နည်း။ အားကစားတွင် ကျွမ်းကျင်မှု၊ ကျော်ကြားမှုနှင့် ချမ်းသာကြွယ်ဝမှုဟူသော အရာများစွာကို များစွာချီးကျူးထားကြသည်။ သို့သော် ဤကဲ့သို့သောအရာများသည် အခြားသူများအား အမှန်တကယ်ကူညီအထောက်အပံ့ဖြစ်စေနိုင်မည်လား။ ဒေသနာကျမ်း ၂း၁၁။ သင့်အသက်တာကို သင်အဘယ်သို့ အသုံးပြုကုန်ဆုံးသင့်သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၂း၂၄-၂၆။

## သောကြာနေ့ | ဥရောပ၌ ၄

ပက်ထရစ်၏လုပ်ဆောင်မှု၊ အမှုတော်လုပ်ငန်းသည် ကိုလံဘာ ၏ အမှုတော်လုပ်ငန်းကို ရှေ့ဆက်လမ်းညွှန်စေခဲ့ပြီး၊ ၎င်းသည်လည်း ကိုလံဘတ်စ်အမည်ရှိသော သစ္စာရှိသာသနာပြုတစ်ဦး၏လုပ်ငန်းကို ရှေ့ဆက်လမ်းညွှန်စေခဲ့သည်။ ဤရှေ့တန်းသာသနာပြု သုံးယောက်၏ ဆက်ကပ်စွန့်လွှတ်အနစ်နာခံမှုက ကျွန်ုပ်တို့သင်ယူလေ့လာသောအချိန်များထက် အများကြီးပိုပါသည်။ ပက်ထရစ်၏ဩဇာလွှမ်းမိုးမှုခံရသည့် လူသိအများဆုံးဖြစ်သောလူများကို ကျွန်ုပ်တို့ အာရုံစိုက်လေ့လာပေမယ့်၊ ကျွန်ုပ်တို့မသိနိုင်သော ထောင်နဲ့ချီမရှိသော်လည်း၊ အခြားရာပေါင်းများစွာသော သူများအကြောင်း ကျန်ရှိနေသေးသည်။

အိုင်ယာလန်နိုင်ငံ၊ ဘန်ဂေါ်ရ် (Bangor) ရှိကျောင်းတွင် နှစ်အတန်ကြာ ပညာသင်ပြီးနောက် ကိုလံဘတ်စ် (Columbanus) အမည်ရှိအရပ်ရှည်ရှည် လူငယ်တစ်ဦးသည် အိုင်အိုနာ (Iona) ကျွန်းရှိ ကိုလံဘာ (Columba) နှင့် ပူးပေါင်းခဲ့ပြီး၊ သူနှင့်အတူအချိန်အတန်ကြာ အလုပ်လုပ်ခဲ့သည်။ ထို့ နောက် သူ့ကို ဘုရားသခင်က ပြင်သစ်နိုင်ငံသို့သွား၍ သာသနာပြုအဖြစ်ထမ်းဆောင်ရန် ဖိတ်ခေါ်နေသည်ဟု သူခံစားခဲ့ရသည်။ အေဒီ ၅၉၀ခန့်တွင်ကိုလံဘတ်စ်သည် အိုင်ယာလန်မှ ဆဲလ်တစ်ရှိ ဧဝံဂေလိတရားကို အားနည်းသော တစ်ဝက်အယူမှားသော “ခရစ်ယာန်များ” ထံသို့ ယူဆောင်ခဲ့သည်။



သူသည် အပေါင်းအဖော် (၁၂) ဦးနှင့်အတူ ပြင်သစ်တောကန္တာရတွင် ကျောင်းတစ်ကျောင်းဆောက်လုပ်ရန် စီစဥ်ခဲ့သည်။ အိုင်အိုနာ (Iona) ၌လုပ်ဆောင်ခဲ့သောအစီအစဥ်အတိုင်း သူတို့သည် မြေများကိုရှင်းလင်းခြင်း၊ သီးနှံများစိုက်ပျိုးခြင်းနှင့် လက်တွေ့ကျကျ ကုန်သွယ်ခြင်းများ ပြုလုပ်ခဲ့သည်။ သူတို့က "ကျွန်ုပ်တို့သည် အိုင်းရစ် လူမျိုးများ (Irish) ဖြစ်ကြသည်။ ကမ္ဘာမြေ၏အစွန်အဖျား၌ နေထိုင်ကြသည်။ ကျွန်ုပ်တို့သည် တမန်တော်များနှင့် ဧဝံဂေလိဆရာများ၏ သွန်သင်ချက်မှလွဲ၍ မည်သည့်အရာမျှ လက်ခံရရှိခြင်းမရှိသော အမျိုးသားများဖြစ်သည်" ဟု မေးမြန်းချက်များကို တုန့်ပြန်ဖြေကြားခဲ့ကြသည်။

အချိန်တိုအတွင်းတွင်၊ နောက်ထပ်ကျောင်းနှစ်ကျောင်း တည်ထောင်ပြီး မြောက်များစွာသောလူငယ်များသည် ပညာသင်ယူ ရှာဖွေလေ့လာရန် ရောက်လာခဲ့ကြသည်။ လာမည့်နောက်ထပ်နှစ်များတွင်၊ ကိုလံဘတ်စ်သည် ဂျာမနီ (Germany) နှင့် ဆွစ်ဇာလန် (Switzerland) နိုင်ငံတို့တလျှောက် သွားရောက်၍ သူသွားလာသည်နှင့်အမျှ ကျောင်းများစွာကို တည်ထောင်ခဲ့သည်။ ဤသို့လုပ်ဆောင်ခြင်း၏ရလဒ်အနေဖြင့်၊ လူတို့၏ ကာယပိုင်းဆိုင်ရာလိုအပ်ချက်များကို ပိုကောင်းအောင် ဖြည့်ဆည်းပေးနိုင်ခြင်း၊ သူတို့၏ပညာရေး တိုးတက်လာခြင်းနှင့် သူတို့သည် သမ္မာကျမ်းစာကို လေ့လာသင်ယူနေသည်နှင့်အမျှ၊ သူတို့၏ဘဝအသက်တာများကို ပြောင်းလဲခဲ့ကြသည်။

သူ့အသက် ၇၀ကျော် သောအခါတွင်၊ ကိုလံဘတ်စ်သည် အဲလ်ပ် (Alps) တောင်တန်းများကို ဖြတ်ကျော်ပြီး အီတလီ မြောက်ပိုင်းထဲသို့ ရောက်ရှိခဲ့သည်။ ဤနေရာ၌ သူသည် အခြားကျောင်းတစ်ခုကို ထပ်မံတည်ဆောက်နေရသည့်အပြင်၊ ဘော့ဘီယို (Bobbio) အနီးရှိ ပျက်စီးနေသောအသင်းတော်အချို့ကို ပေးအပ်ခြင်းခံရသည်။

**လက်တွေ့ကျင့်သုံးရန်။** ကောရိန္သုဩဝါဒစာ ပဌမစောင် ၃း၁၀-၁၃ ကို ဖတ်ပါ။ ဤသာသနာပြုများ၏အမှုတော်လုပ်ငန်းသည် အလွန်အောင်မြင်ခဲ့သည်။ အဘယ်ကြောင့်နည်း။ သူတို့၏ပုံသက်သေနောက်လိုက်ရန် အဘယ်အရာက ဤမျှလောက်များစွာ လှုံ့ဆော်ပေးခဲ့သနည်း။ ဆရာ၊ ဆရာမတစ်ယောက်အတွက် မည်သည့်အရာက ပို၍ အရေးကြီးသနည်း။ သူသည် မည်သည့်အရာကို ပြောဆိုနေသနည်း၊ အဘယ်သို့ အသက်ရှင်နေထိုင်ပြုမူနေသနည်း။

# အလင်းဖြန့်ဝေခြင်း



အလွတ်ကျမ်းချက်။ ။ ရှင်မဿဲခရစ်ဝင် ၅း၁၄၊ ၁၆

“သင်တို့သည် ဤလောက၏ အလင်းဖြစ်ကြ၏။
တောင်ထိပ်၌တည်သော မြို့ကို မကွယ်နိုင်။… ထိုနည်းတူ၊ သူတပါးတို့
သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူ
သော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါးရှေ့၌
သင်တို့အလင်းကို လင်းစေကြလော့။”





## တနင်္ဂနွေနေ့ | ရှုရိပြည်၌ ၁

တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် မာနထောင်လွှားခြင်းတို့အားဖြင့် ဧဝံဂေလိတရား၏လုပ်ငန်းကို မည်သို့ဟန့်တားခဲ့ကြောင်း လေ့လာရင်း ကျွန်ုပ်တို့သည် ရက်သတ္တပတ်များစွာအချိန်ကုန်လွန်နေခဲ့ပါသည်။ ယခု ကျွန်ုပ်တို့သည် “ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား” ၏ လွှမ်းမိုးမှုများနှင့် ဝေးကွာသောနေရာတွင် ဧဝံဂေလိသတင်းတရား ကြီးထွားလာသည့်န ရာများ၏ ပိုမိုရှင်လန်းဖွယ်ရာ သမိုင်းကြောင်းကို လေ့လာပါမည်။

ပထမဦးစွာ၊ ကျွန်ုပ်တို့သည် ဣသရေလတိုင်းပြည်၏မြောက်ဘက်နှင့် အရှေ့ဘက်ဒေသရှိ ရှုရိပြည် (ယခု ဆီးရီးယားတိုင်းပြည်) ကို အာရုံပြုရပါလိမ့်မည်။ ယနေ့တွင် ရှုရိတိုင်းပြည်သည် ထိုအမည်ဖြင့် ခေါ်ဝေါ်သောဒေသနှင့်လိုက်အောင် မကျယ်ပြန့်ပါ။ ရှေးဦး အသင်းတော် အချိန်၌၊ ရှုရိပြည်သည် ပါလက်စတိုင်းနှင့် ယခုတူရကီ၊ ဂျော်ဒန်နှင့် အီရတ်တို့၏ဒေသအစိတ်အပိုင်းတွင် ပါဝင်သည်။

အေဒီ ၇၀ တွင် ရောမစစ်တပ်သည် ယေရုရှလင်မြို့ကိုဖျက်ဆီးသောအခါ ရှေးဦးခရစ်ယာန်အသင်းတော် ခေါင်းဆောင်များနှင့် ထောင်နှင့်ချီသောဂျူး (ယုဒလူမျိုး) ခရစ်ယာန်များအားလုံးက သခင်ယေရှု၏ ချက်ခြင်းထွက်ပြေးလွတ်မြောက်ရန် မိန့်မှာချက်ကို သတိရအောက်မေ့ပြီး၊ သူတို့သည် ရှုရိပြည်သို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ ရှင်မဿဲခရစ်ဝင် ၂၄း၁၅၊ ၁၆။

ယေရုရှလင်မှအသစ်ရောက်ရှိလာသော ခရစ်ယာန်များသည် ရှုရိပြည်ရှိခရစ်ယာန်များနှင့် ပူးပေါင်းခဲ့ပြီး၊ ခိုင်ခံ့သော သမ္မာကျမ်းစာယုံကြည်သူများအသင်းတော်တစ်ပါးကို အတူတကွ ဖွဲ့စည်းခဲ့ကြသည်။ ဤအရာက ရှုရိပြည်သည် ရှေးဦးခရစ်ယာန်အသင်းတော်အတွက် အသစ်သောဌာနချုပ် ဖြစ်လာစေခဲ့သည်။

သခင်ယေရှုခရစ်တော်ထံမှ အခြားအရေးကြီးသော ညွှန်ကြားချက်ကို ခရစ်ယာန်များက သတိရခဲ့မိကြပါသလား။ အငယ် ၂၀။ ဤခရစ်ယာန်များသည် ဥပုသ်ပညတ်အပါအဝင် သမ္မာကျမ်းစာကို ဆက်လက်လေ့လာခြင်း၊ ယုံကြည်ခြင်းနှင့် နာခံခြင်းတို့ကို ဆက်လက်ပြုလုပ်ခဲ့သည်။ ယင်းက သမ္မာကျမ်းစာ၏ရှင်းလင်းသောအမှန်တရားများကို လျစ်လျူရှုခြင်း၊ အယူမှားဓလေ့ထုံးစံများကို အသင်းတော်ထဲသို့ ယူဆောင်လာခြင်းနှင့် ဥပုသ်နေ့ကိုဖယ်ရှားပစ်ရန် ကြိုးစားနေကြသောရောမမြို့နှင့် အာလေဇန္ဒြီးမြို့ရှိ အသင်းတော်ခေါင်းဆောင်များကို တိုက်ရိုက်ဆန့်ကျင်စေခဲ့သည်။

ခရစ်ယာန်ပညာရေးသည် ရှေးဦးအသင်းတော်အတွက် အလွန်အရေးကြီးသည်။ ခရစ်ယာန်သာသနာပြုများကို လေ့ကျင့် သင်တန်းပေးသည့် ကျောင်းကို ရှုရိပြည် (ယခု ဆီးရီးယား)၊ အန္တိအုတ်မြို့တွင် စတင်ခဲ့သည်။ သူတို့၏ရည်ရွယ်ချက်မှာ သမ္မာကျမ်းစာ၏အမှန်တရားကိုသာ သွန်သင်ရန်ဖြစ်သည်။ သူတို့သည် ရောမနှင့် အာလေဇန္ဒြီးမြို့ရှိ အသင်းတော်များထဲသို့ ယူဆောင်လာခဲ့သည့် ရှုပ်ထွေးသောသွန်သင်ချက်များကို ငြင်းပယ်ခဲ့ကြသည်။ ပညာရှင်တစ်ယောက်ဖြစ်သည့် လူစီယန် (Lucian) အမည်ရှိသော ပညာတတ်အမျိုးသားတစ်ဦးသည် ဤအန္တိအုတ်မြို့ရှိ ဘုရားရေးရာနှင့် ချစ်မြတ်နိုးရသည့်ဆရာတစ်ဦး ဖြစ်ခဲ့သည်။ သူ၏ဩဇာလွှမ်းမိုးမှုသည် အိုင်ယာလန် (Ireland) ကမ်းခြေအထိ ကျယ်ပြန့်စွာ ပျံ့နှံ့သွားခဲ့သည်။

လူစီယန်လုပ်ဆောင်ခဲ့သော အရေးကြီးဆုံးသောအရာများထဲမှ တစ်ခုမှာ ဓမ္မသစ်ကျမ်းကို ကာကွယ်ရန်ဖြစ်သည်။ များစွာသောလူတို့သည် မိမိတို့ကိုယ်ပိုင်အတွေးအခေါ်များကို သမ္မာကျမ်းစာ၌ ထည့်သွင်းရန် ကြိုးစားနေကြသော်လည်း လူစီယန်နှင့်အတူ အခြားသောသူများက ထိုကြိုးပမ်းမှုများကို ရပ်တန့်ရန် ကြိုးစားအားထုတ်ခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် ကျမ်းစာကို ရေးသားထားသည့်အတိုင်း ယုံကြည်ကိုးစားရန် စိတ်ချနိုင်ပါသလား။ တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၁၆၊ ၁၇။ သမ္မာကျမ်းစာကို ဆန့်ကျင်သောသူတို့၏ သွန်သင်ချက်များသည် ပညာတတ်ပညာရှင်များ သွန်သင်ဖော်ပြထားသည်ဟု ဆိုသော်လည်း ကျွန်ုပ်တို့ယုံကြည်ကိုးစားသင့်ပါသလား။

## တနင်္လာနေ့ | တရုတ်ပြည်၌ ၂

မနေ့က ကျွန်ုပ်တို့သည် ရှုရိပြည်ရှိ ရှေးဦးအသင်းတော်အကြောင်းကို လေ့လာခဲ့ရကြသည်။ ၎င်းတွင်ရှိသော သမ္မာကျမ်းစာကို ဆက်ကပ်အပ်နှံပြီး အမှန်တရားဘက်ရပ်တည်လိုသော ခရစ်ယာန်များအကြောင်း လေ့လာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဤလူများတို့သည် ခရစ်ယာန်သာသနာပြုများလည်းဖြစ်ကြောင်း ကျွန်ုပ်တို့အတွက် အံ့ဩစရာမဟုတ်ပါ။

ထိုအချိန်တွင် ခရစ်ယာန်အသင်းတော်အစပိုင်း၌ သခင်ခရစ်တော်၏ ဧဝံဂေလိတရားကို နေရာများစွာသို့ ပျံ့နှံ့စေရန် နည်းလမ်းကို

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ဘုရားသခင်က ပြင်ဆင်ပေးခဲ့သည်။ တမန်တော်ဝတ္ထု ၂း၅-၁၁ ၌ ပင်တေကုတ္တေပွဲနေ့တွင် ဖြစ်ပျက်ခဲ့သော အံ့ဖွယ်အကြောင်းအရာကို ပြည်လည်ဆန်းစစ်လေ့လာပါ။

ထိုနေရာများအားလုံးက ဘယ်မှာလဲ။ ထိုအရာများမှ နေရာ၏အမည်အချို့ကို သင်သိကောင်းသိပါလိမ့်မည်။ သို့သော် ကပ်ပါဒိုစီယာ (Cappadocia)၊ ပွန်တပ် (Pontus)၊ ဖီရိုင်ဂီယာ (Phrygia)၊ အာရှ (Asia)နှင့် ဖန်ဖိလီယာ (Pamphylia) အားလုံးသည် ယခု တူရကီဟု ခေါ်တွင်သောနေရာများဖြစ်ကြောင်း သင်သိလိမ့်မည်မဟုတ်ပါ။ ပါဒီယာ (Partthia)၊ မီဒီယာ (Media)၊ အီလမ် (Elam) နှင့် မက်ဆိုပိုတီးမီးယား (Mesopotamia) တို့သည် ယခု အီရတ်နှင့် အီရမ်ဟု ခေါ်တွင်သော နေရာများတွင် ပါဝင်နေသည်။ ကရေတေ (Crete) ကျွန်းသည် မြေထဲပင်လယ်အတွင်းရှိ ကျွန်းတစ်ကျွန်း ဖြစ်သည်။ စိုင်ရီနီ (Cyrene)၊ လီးပီယာ (Libya)၊ နှင့် အီဂျစ် (Egypt) တို့သည် မြောက်အာဖရိကတွင် ရှိသည်။

သို့သော် ခရစ်ယာန်သာသနာပြုများသည် ဤအနီးအနားရှိနေရာများသို့ မသွားခဲ့ကြပါ။ ရှုရိ (Syria - ဆီးရီးယား)မှ သူတို့သည် အိန္ဒိယနှင့် တရုတ်ကဲ့သို့သော ဝေးလံသောနိုင်ငံများသို့ ဧဝံဂေလိတရားကို ဖြန့်ဝေခဲ့သည်။

တရုတ်နိုင်ငံရှိ ရှေးဦးခရစ်ယာန်များအကြောင်း ကျွန်ုပ်တို့မ ကြားခဏ များစွာမကြားဖူးသော်လည်း၊ သူတို့သည် ထိုနေရာ၌ ရောက်ရှိနေခဲ့သည်ကို ကျွန်ုပ်တို့ သိကြသည်။ ၁၆၂၅ ခုနှစ်တွင်၊ ရှေးမင်းဆက်၏တန်မြို့တော်ဖြစ်သော ချန်အန်း (Chang-An) အနီးတွင် ကျောက်တုံးတစ်တုံးကို တွေ့ရှိခဲ့သည်။ ၎င်းကျောက်စာကို ရှေးခေတ်တရုတ်ဘာသာနှင့် ရှုရိဘာသာ၊ ဘာသာစကားနှစ်ခုဖြင့် ရေးသားခဲ့ပြီး၊ အေဒီ ၆၃၅ တွင် ခရစ်ယာန်များနေထိုင်သည့်အကြောင်းကို ဖော်ပြထားသည်။ ဤကျောက်စာ၌ ဥပုသ်စောင့်ခြင်းအကြောင်း ဖော်ပြထားသောကြောင့် ရောမကက်သလစ်သာသနာပြုများသည် မူရင်းကမ္ပည်းစာကို ဖျက်ဆီးပစ်ခဲ့သည်။ သူတို့က "ဥပုသ် နေ့" အစား "တနင်္ဂနွေ" ဟုပြောဆိုထားသော စာအတုကို သူတို့လုပ်ကြသည်။ အကြောင်းမလှစွာဖြင့်၊ သူတို့၏အစီအစဉ်အတွက် မည်သူမျှ စာသား၏ရှုရိဘာသာစကားပါသော စာကို မဖတ်နိုင်ကြသဖြင့် ၎င်းကိုနဂိုရှိသည့်အတိုင်း ကူးယူလိုက်ကြသည်။ နှစ်ပေါင်းအနည်းငယ်ကြာသောနောက်၊ ပညာရှင်များသည် ရှုရိ (ဆီးရီးယား) ဘာသာစကားကို ဖတ်တတ်လာပြီးနောက် လိမ်လည်လှည့်စားမှုတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ရာစုနှစ်များတစ်လျှောက်၊ အိန္ဒိယနှင့် တရုတ်တို့ ထိန်းချုပ်ထားသော ကျယ်ပြန့်သည့်ဒေသများသို့ ခရီးဝေးထွက်ခွာခဲ့သူများ၏ မှတ်တမ်းများရှိသည်ကို ကျွန်ုပ်တို့ သိရှိလာသည်။ သူတို့အားလုံးသည် ဥပုသ်စောင့်ထိန်းသော ခရစ်ယာန်များစွာရှိသည်ကို ဖော်ပြထားကြသည်။ ထိုခရီးသွားသူများထဲမှ တစ်ဦးဖြစ်သော မာကိုပိုလို (Marco Polo) က ရာနှင့်ချီသော ဥပုသ်စောင့်ထိန်းသောခရစ်ယာန် အသင်းတော် တော်တော်များများကို တွေ့မြင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် ဤရှေးဦးခရစ်ယာန် သာသနာပြုသူများကို ကောင်းချီးပေးခဲ့သည်။ နှိပ်စက်ညှဥ်းပန်းမှုများကြားမှ အသင်းတော်များစွာ နိုးထပေါ်ပေါက်လာစေခဲ့သည်။ ယနေ့ ခရစ်ယာန်သာသနာပြုများအတွက်လည်း အလွန်လိုအပ်နေဆဲပင်ဖြစ်သည်။ ဧဝံဂေလိသတင်းစကားကို ကမ္ဘာအနှံ့အပြားတွင် ဖြန့်ကျက်ရန် သင့်အား ဘုရားသခင်မည်သို့အသုံးပြုလိုသည်ကို သင်စဥ်းစားဖူးပါသလား။

## အင်္ဂါနေ့ | အိန္ဒိယပြည်၌ ၃

တရုတ်ပြည်၏အနောက်တောင်ဘက်သည် အိန္ဒိယ၏ နယ်မြေဖြစ်ပြီး၊ ထိုနေရာ၌ သခင်ယေရှု၏တပည့်တော်များမှ တစ်ဦး ဖြစ်သော သောမတ်စ် (Thomas) သည် ဧဝံဂေလိတရားကို ဟောပြောခဲ့သည်။ ဓမ္မသစ်ကျမ်းသည် သောမတ်စ်၏လုပ်ဆောင်မှုများအကြောင်းကို ကျွန်ုပ်တို့အား မဖော်ပြပါ။ သို့သော် ခရစ်ယာန်သမိုင်းက ထိုနေရာ၌ သူသည် အမှုတော်လုပ်ငန်း၌ သူ၏ဘဝအသက်တာတစ်ခုလုံးကို ပေးခဲ့သည်ဟု မှတ်တမ်းတင်ထားသည်။ တရုတ်ပြည်နှင့် အိန္ဒိယတိုင်းပြည် နှစ်နိုင်ငံစလုံး၌ရှိသောလူများအား ခရစ်တော်ထံသို့ ပို့ဆောင်လာပြီးနောက်၊ သူ၏ဩဇာလွှမ်းမိုးခြင်းကို မနာလိုသော ပုဏ္ဏားဘုန်းကြီးများ (Brahmin Priests) က သူ့ကို သတ်ခဲ့သည်။

ရောမ၏ဩဇာအာဏာလွှမ်းမိုးမှုပြင်ပရှိ အခြားဒေသများ၌ရှိသော ခရစ်ယာန်များနည်းတူ၊ "စိန့်သောမတ်စ်ခရစ်ယာန်များ" သည် ကျမ်းစာ၏ရိုးရှင်းသောယုံကြည်ခြင်းကို ကျင့်သုံးပြီး၊ ခရစ်ယာန် မဟုတ်သောအစိုးရများလက်အောက်၌ပင် တိုးတက်လာခဲ့သည်။ အကြိမ်ပေါင်းများစွာ ညှဥ်းပန်းနှိပ်စက်မှုအချို့ရှိခဲ့သည်။ သို့သော် ဥရောပ၌ရှိသော သူတို့၏ညီအစ်ကိုများ ခံစားခဲ့ရသည့်ဒုက္ခနှင့် နှိုင်းယှဥ်လျှင် သူတို့အတွက်က ဘာမျှမဖြစ်ခဲ့ချေ။

ကက်သလစ် ဂျေစူး(Jesuit) ယဇ်ပုရောဟိတ်များနှင့်အတူ ပေါ်တူဂီလူမျိုးများ ရောက်ရှိလာသည့်အခါ၊ ထိုအရာသည် နောက်ပိုင်းတွင် ပြောင်းလဲသွားလိမ့်မည်။ အိန္ဒိယပြည်တောင်ပိုင်းရှိ မာလာဘာကမ်းရိုးတန်းတစ်လျှောက်တွင် ခရစ်ယာန်အသင်းတော် တစ်ရာကျော်ကို တွေ့ရသည်မှာ သူတို့အတွက် ပျော်ရွှင်စွာ အံ့အားသင့်ခဲ့ရသည်။ သို့သော် မကြာမီ ခရစ်ယာန်များသည် ရောမမြို့ရှိ ပုပ်ရဟန်းမင်းကြီးအကြောင်း ဘာမျှမသိကြောင်း သူတို့တွေ့ရှိသောအခါ၊ သူတို့သည် မကျေမနပ်ဖြစ်လာသည်။ ဒေသခံယုံကြည်သူများအား အပျိုစင်မာရိ၏ ရုပ်ပုံကို ကိုးကွယ်ရန်ပြောသောအခါ၊ သူတို့က “ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်ကြပြီး၊ ရုပ်တုကိုးကွယ်သူများ မဟုတ်ပါ” ဟု တုံ့ပြန်ခဲ့ကြသည်။

ဤခရစ်ယာန်ယုံကြည်သူများသည် သူတို့၏ယုံကြည်ချက်များနှင့် မကိုက်ညီသောကြောင့် ဂျေစူးခရစ်ယာန်ဘုန်းတော်ကြီးများသည် ဒေါသထွက်ခဲ့ကြသည်။ သတ္တမနေ့ဥပုသ်ကို ဂျူး (ယုဒလူမျိုး) များကဲ့သို့ သူတို့စောင့်ထိန်းထားသည်ဟူသောအချက်ကို သူတို့သည် အထူးမနှစ်သက်ပါ။

အချိန်တန်သော်၊ ကက်သလစ်အသင်းတော်သည် “မှားယွင်းသောဘာသာတရား” ဟု သူတို့ခေါ်ဆိုသော အပြစ်မဲ့ခရစ်ယာန်များအားပြင်းထန်သောနှိပ်စက်ညှဥ်းပန်းမှု စတင်ခဲ့သည်။ အိန္ဒိယပြည်ရှိအသင်းတော်များသည် သမ္မာကျမ်းစာကို နာခံသည့်အတွက်၊ သမ္မာကျမ်းစာမှ အမှန်တရားကို စောင့်ထိန်းခြင်းအတွက်ကြောင့် ပြစ်တင်ရှုတ်ချခြင်းနှင့် ဖျက်ဆီးခြင်း ခံခဲ့ရကြသည်။ ဤတွင်တစ်ဖန်၊ ရောမထက်ပို၍သာသော စာပေနှင့် ဗိသုကာလက်ရာပညာများ၏သဲလွန်စဖြစ်သည့် အသင်းတော်တစ်ခုအတွက် သက်သေအထောက်အထားဖြစ်စေသော အခြားသောအရာများကိုလည်း ဖျက်ဆီးပစ်လိုက်သည်။

**လက်တွေ့ကျင့်သုံးရန်။** လူသားများခံစားရသည့် ဆင်းရဲဒုက္ခဟူသည် နားလည်ရခက်သောအရာများထဲက တစ်ခုဖြစ်သည်၊ ထို့အပြင် အထူးသဖြင့် ဖြောင့်မတ်သောသူများ ဆင်းရဲဒုက္ခခံရသောအခါ၌ ဖြစ်သည်။ ဆာလံကျမ်း ၁၁ နှင့် ၁၃ ၌ မည်သည့်အဖြေများကို သင်တွေ့ရှိနိုင်သည်ကို ကြည့်ပါ။

## ဗုဒ္ဓဟူးနေ့ | အိုင်ယာလန်ပြည်၌ ၄

အိုင်ယာလန်နိုင်ငံသို့ ပထမဦးဆုံးခရစ်ယာန်သာသနာပြု မသွားမီ၊ ဘုရားသခင်သည် လမ်းခရီးတော်ကို စတင်ပြင်ဆင်ပေးခဲ့သည်။ သူသည် အဖြစ်အပျက်များကို အမြဲတမ်း စီမံပေးပြီး အရာရာတိုင်းကို လုပ်ဆောင်ပေးသည်။ ထို့ကြောင့် နေရာတိုင်းမှ လူများတို့သည် သူ့အကြောင်းနှင့်ပတ်သက်သော အမှန်တရားကို လေ့လာဖို့ရန် အခွင့်အရေး ရလိမ့်မည်။ တမန်တော်ဝတ္ထု ၁၇း၂၆။

ဘုရားသခင်သည် ရှုရိပြည်မှ တရုတ်ပြည်နှင့် အိန္ဒိယပြည်၊ ထိုနေရာမှတစ်ဆင့် အနောက်ဘက်ရှိ ရှုရိပြည်မှ ဥရောပနိုင်ငံများသို့ ဧဝံဂေလိတရားဟောပြောရန် သတင်းကောင်းကို စီစဥ်ပေးခဲ့သည်။

သခင်ယေရှုခရစ်တော် မမွေးမီကြာမြင့်စွာအချိန်ကပင်၊ ဂေါလ် (Gauls) အမည်ရှိ ရက်စက်ကြမ်းကြုတ်သောလူအုပ်စုသည် ပြင်သစ်မှ ထွက်ခွာခဲ့ကြသည်။ သူတို့သည် ရောမမြို့ကို ဖျက်ဆီးခဲ့သည်။ ထို့နောက် အရှေ့ဘက်သို့ ဆက်လက်ရွှေ့သွားခဲ့ကြပြီး၊ ရှုရိဒေသရှိ ဂလာတိပြည်ဟု ခေါ်သောနေရာဒေသ၌ အခြေချခဲ့ကြသည်။ နှစ်အနည်းငယ်အကြာ၊ တမန်တော်ပေါလုသည် ဂလာတိပြည်သို့ အလည်အပတ်သွားပြီး ထိုအယူမှားလူတို့ထံ ဧဝံဂေလိသတင်းစကားကို ယူဆောင်လာခဲ့သည်။ သမ္မာကျမ်းစာ၏ စာအုပ်များထဲမှ ဂလာတိဩဝါဒစာသည် ဂလာတိပြည်၌ရှိသော သူတို့ကို ပေါလုရေးပို့ခဲ့သော စာတစ်စောင်ဖြစ်သည်။




ခရစ်ယာန်အသင်းတော်များ၏ အစောပိုင်းရာစုနှစ်များအတွင်းတွင် ဘာသာစကားနှင့် ယဉ်ကျေးမှုသည် ထိုဂလာတိလူမျိုးများအား ဥရောပ၌ကျန်ရစ်ခဲ့သောသူတို့၏ဆွေမျိုးစဥ်ဆက်များနှင့် ဆက်စပ်နေဆဲဖြစ်သည်။ ကုန်သွယ်ရေးနှင့် ခရီးသွားလာခြင်းသည် ဥရောပနှင့် ဂလာတိပြည်သားတို့နေထိုင်သော ရှုရိဒေသအကြား မကြာခဏရှိသောကြောင့်၊ သန့်ရှင်းသော ဧဝံဂေလိတရားသည် ပြင်သစ်၌ရှိသော ဝေးလံသောဆွေမျိုးများ၊ ထို့နောက်အင်္ဂလန်၊ စကော့တလန်နှင့် အိုင်ယာလန်သို့ ပျံ့နှံ့သွားသည်။

ဤဒေသများ၌ ဧဝံဂေလိသတင်း ပြန့်သွားစေရန် ကူညီဖြန့်ဝေပေးခဲ့သူတို့တွင် အကျော်ကြားဆုံးသူမှာ ပက်ထရစ် (Patrick) အမည်ရှိသောသူဖြစ်သည်။ ယနေ့ သူ့ကို စိန့်ပက်ထရစ် (Saint Patrick) အဖြစ် လူသိများကြသည်။ အချို့လူများသည် စိန့်ပက်ထရစ်နေ့ (Saint Patrick's Day) တွင် အစိမ်းရောင်ဝတ်ကြသည်။

ကက်သလစ်အသင်းတော်သည် ပက်ထရစ်ကို “စိန့်” လို့ ခေါင်းစဥ်ပေးခဲ့သည်မှာ စိတ်ဝင်စားစရာဖြစ်သည်။ သို့သော် သူသည် ရှုရိပြည်ဧဝံဂေလိတရားကြောင့် ပြောင်းလဲခဲ့သောသူနှင့် ဥပုသ်ကိုစောင့်ထိန်းသောသူတစ်ဦး ဖြစ်သည်။ သူသည် ကက်သလစ်အသင်းတော်နှင့် လုံးဝဘယ်တော့မှ မသက်ဆိုင်မအက်စပ်သောသူဖြစ်သည်။ ပက်ထရစ်ခရစ်ယာန်ဘာသာ (တနည်းအားဖြင့် ပက်ထရစ်ကြောင့် ဖြစ်လာသောခရစ်ယာန်များ သို့မဟုတ် ပက်ထရစ်၏နောက်လိုက်တော်များ)သည် ရောမမြို့နှင့် အာလေဇန္ဒြီးမြို့များမှလာသော လာဘ်စားမှုများရှိသောလူများနှင့် လုံးဝမတူပါ။

ပက်ထရစ်ကခရစ်ယာန် စာသင်ကျောင်းများသည် အဘယ်မျှလောက်တန်ဖိုးရှိကြောင်းကို ရှင်းရှင်းလင်းလင်း မြင်ခဲ့သည်။ တချိန်တုန်းက၊ အာမတ် (Armagh) မှာ ကျောင်းသားအယောက် ၇၀၀၀ ရှိခဲ့သည်။ သူတို့ထဲက အတော်များများသည် သာသနာပြုများအဖြစ် ထွက်သွားခဲ့ကြလေသည်။

ပက်ထရစ် သေဆုံးပြီးနောက် ရောမမှကိုယ်စားလှယ်များသည် အိုင်ယာလန်သို့ ရောက်ရှိလာကြသည်။ သူတို့က ပက်ထရစ်၏ အတွေးအခေါ်၊ အမြင်နဲ့ မကိုက်ညီတော့ချေ။ သူတို့၏ပထမဆုံးအလုပ်မှာ သူတည်ထောင်ခဲ့သည့်အသင်းတော်များနှင့် ကျောင်းများကို တိုက်ခိုက်ရန်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ပက်ထရစ်လက်ထက်၌ကဲ့သို့ပင် စစ်မှန်သောပညာရေးအတွက် ဘုရားသခင်၏အစီအစဥ်သည် ယနေ့ထိတိုင် အရေးပါဆဲဖြစ်သည်။ ဘုရားရေးရာ သို့မဟုတ် ဘုရားဝတ်၌ မွေ့လျော်သောပညာရေး၏အခြေခံကား အဘယ်နည်း။ ဆာလံကျမ်း ၁၁၁း၁၀၊ သုတ္တံကျမ်း ၄း၇။ သင်၏ပညာရေးသည် ဘုရားသခင်နှုတ်ကပတ်တော်၏အရေးကြီးသောအမှန်တရားများကို နားလည်သိရှိရန် အထောက်အကူပြုပါသလား။

## ကြာသပတေးနေ့ | စကော့တလန်ပြည်နှင့် အင်္ဂလန်ပြည်၌ ၅

ပက်ထရစ်သည် ဘုရားသခင်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အမှီပြုပြီး၊ အခြားသူများအားဧဝံဂေလိတရားကို ဝေငှရန် မိမိကိုယ်ကို လုံးလုံးဆက်ကပ်အပ်နှံခဲ့သောကြောင့် အိုင်ယာလန်ရှိအမှုတော်လုပ်ငန်းသည် အလွန်အောင်မြင်ခဲ့သည်။ သူစတင်ခဲ့သောကျောင်းများသည် သူ၏အလုပ်ကိုဆက် လက်လုပ်ဆောင်ဖို့ရန် ထောင်နှင့်ချီသောကျောင်းသားများ ထွက်ပေါ်လာစေခဲ့သည်။ ထို ကျောင်းများမှ ကျောင်းသားတစ်ဦးဖြစ်သူ ကိုလံဘာ(Columba) သည် စကော့တလန်နိုင်ငံ၏အနီး၌ ပက်ထရစ်ကဲ့သို့သော အလုပ်မျိုးကို အများကြီးလုပ်ဆောင်ခဲ့သည်။



ကိုလံဘာသည် ပက်ထရစ်တည်ထောင်ထားသော ကျောင်းသုံးကျောင်းသို့ တက်ရောက်ခဲ့သည်။ ၎င်းတို့အနက်၊ နောက်ဆုံးမှာ ကလိုနား (Clonard) တွင်ဖြစ်ပြီး၊ ကျောင်းသားအယောက် ၃၀၀၀ သာရှိသည်။ အာမတ် (Armagh) ကျောင်းနှင့် နှိုင်းယှဥ်လျှင် သေးငယ်သည်။ ကလိုနားတွင် ရှိနေစဥ်တွင်၊ ကိုလံဘာသည် ခက်ခဲသောသမ္မာကျမ်းစာ၏ လက်ရေးစာမူများ၌ ကျွမ်းကျင်သောသူ ဖြစ်လာခဲ့သည်။ သို့သော် နှစ်ပေါင်းများစွာကြာသောနောက်၊ ဘုရားသခင်သည် သူ့အားသာသနာပြုအဖြစ် အမှုတော်ထမ်းရန် ဖိတ်ခေါ်ခဲ့သည် ဟု သူခံစားခဲ့ရသည်။

ထို့ကြောင့် သူ့အသက် ၂၅ နှစ်တွင်၊ ကိုလံဘာသည် အိုင်ယာလန်မြောက်ပိုင်း၌ အသင်းတော်တစ်ခု စတင်ခဲ့သည်။ နောက် ခုနစ်နှစ်အတွင်းတွင်၊ သူသည် ထိုနေရာတွင် အသင်းတော် ၃၀၀ ကို စတင်ခဲ့သည်ဟု ဆိုသည်။